# ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၁။] (၁၉၅၂ ခုနှစ်၊ မတ်လ ၁ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍သတ်မှတ်သည့်နေ့ရက်၌ အာဏာတည်ရမည့်ပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပါဝင်သော အရပ်ဒေသများကိုပိုင်းခြားပြီး၊နေ့ရက်များကို ခွဲခြား၍သတ်မှတ်နိုင်သည်။[1]

၂။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူအားလုံးကို မှတ်ပုံတင်ထားသော မှတ်ပုံတင်စာရင်းတခုထားရှိ၍၊ထိုမှတ်ပုံတင်စာရင်းတွင် ဇယား၌သီးခြားဖော်ပြထားသော ကိစ္စများနှင့်စပ်လျဉ်း၍၊ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ထိုသူများနှင့်ပတ်သက်သော အကြောင်းအရာများကို ရေးမှတ်ထားရမည်။

(၂) အဆိုပါမှတ်ပုံတင်စာရင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်စာရင်းဟုခေါ်ရမည်။ထိုစာရင်းကို ဤမှနောင်အဘို့တွင် မှတ်ပုံတင်စာရင်းဟုရည်ညွှန်းသည်။

၃။ ။(၁) နိုင်ငံတော်သမတသည်၊ မှတ်ပုံတင်စာရင်းကို ထားရှိရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးအတွက် မှတ်ပုံတင်အရာရှိချုပ်တဦး ခန့်ထားနိုင်သည်။

[2](၂) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအရ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်၊ ဒေသအသီးသီးအတွက် မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများ ခန့်ထားနိုင်သည်။

(၃) [မှတ်ပုံတင်အရာရှိချုပ်၊ မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင် အရာရှိနှင့် အခြားရာထမ်းမှုထမ်းများ၏၊][2]တာဝန်ဝတ္တရားများ၊ အာဏာများနှင့်လုပ်ငန်း ဆောင်တာများသည်၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများအရ ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

---

[1] ၁၉၅၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ရန်ကုန်ခရိုင်အတွင်း အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၈၀ တွင်ကြည့်။

၁၉၅၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ မန္တလေး၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် လားရှိုးမြို့များတွင်အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊၁၉၅၃ ခုနှစ်၊အပိုင်း ၁၊စာမျက်နှာ ၈၁၉ တွင်ကြည့်။

၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍၊ တောင်ကြီးမြို့နယ်၊ နမ်းဆန်၊ သိန္နီ၊ ကျိုင်းတုံ၊ ကလော၊ နမ်းခမ်းဆဗ္ဗဒိဝီဇနယ်၊ တာချီလိတ်မြို့နယ်၊ ပူတာအိုမြို့နယ်၊ လောက်ခေါင်း၊ ဆဒုန်၊ ဆင်လွန်ကဘားဆဗ္ဗဒိဝီဇနယ်နှင့် လွိုင်ကော်၊ ဘောလခဲ၊ ဘူးသီးတောင်၊ မောင်းတော၊ မော်လိုက်၊ သထုံ၊ မြိတ်၊ ထားဝယ်၊ ပလော၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ဝိတိုရိယအငူ၊ ရသေ့တောင်မြို့နယ်များတွင် အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၉၇ တွင်ကြည့်။

၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ကိုးကန့်နယ် (ကွမ်းလုံ)၊ ရေငံမြို့နယ်၊ လိုင်းဘွဲ့မြို့နယ်နှင့်ဖါးအံမြို့နယ်များတွင်အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊၁၉၅၅ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၆၉ တွင်ကြည့်။

[2] ၁၉၅၁ ပြည်ထောင်စု၊ အက်ဥပဒေအမှတ် ၄၈ အရ အစားထည့်သွင်းသည်။

၄။ ။(၁) ပြည်ထောင်စု နိုင်ငံအတွင်းနေထိုင်သူတိုင်းသည်၊ မှတ်ပုံတင်ရန်အတွက် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရဖြစ်စေ တောင်းဆိုသည့်အကြောင်းအရာများကိုပေးရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် လက်ထောက်မှတ်ပုံတင် အရာရှိသည်၊ မှတ်ပုံတင်ထားသူတိုင်းနှင့်စာချုပ်၍၊ ပြဋ္ဌာန်းထားသည့်အကြောင်းအရာများ ပါရှိသောမည်သူဖြစ်ကြောင်းသက်သေခံသည့်ကတ်ပြားတချပ်ကို၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများနှင့်အညီ ထုတ်ပေးရမည်။ ထိုကတ်ပြားကို ဤမှနောင်အဘို့တွင် သက်သေခံကတ်ပြားဟု ရည်ညွှန်းသည်။

၅။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေခြင်းငှါ၊ နည်းဥပဒေများ [၁] ကိုအမိန့်ကြော်ငြာစာဖြင့်ပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့်၊ ထို့ပြင် အသက်ဆိုခဲ့သည့် အခွင့်အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) စာရင်းများပြုလုပ်ခြင်း၊ စုဆောင်းခြင်း၊ သို့တည်းမဟုတ် ပေးအပ်ခြင်း။

(ခ) စာရင်းပုံစံ။

(ဂ) သက်သေခံကတ်ပြားပုံစံ။

(ဃ) သက်သေခံကတ်ပြားများကိုစစ်ဆေးရန်တင်ပြခြင်း။

(င) ပျောက်ဆုံးသွားသော၊ သို့တည်းမဟုတ်ပျက်စီးသွားသော သက်သေခံကတ်ပြားများအစား သက်သေခံ ကတ်ပြားအသစ်များကို အခကြေးငွေယူ၍ထုတ်ပေးခြင်း။

(စ) သက်သေခံကတ်ပြားများပြန်အပ်ခြင်း။

(ဆ) မှတ်ပုံတင်စာရင်းမှထုတ်ပယ်သင့်သူများကိုထုတ်ပယ်ခြင်း။

(၃) နည်းဥပဒေများတွင် ပြည်ထောင်စု မြန်မာနိုင်ငံရှိ အရပ်ဒေသအမျိုးမျိုးအတွက် ကွဲပြားခြားနားသော ပြဋ္ဌာန်းချက်များပါရှိနိုင်သည်။

၆။ ။(၁) မည်သူမဆို—

(က) ဤအက်ဥပဒေ ကိစ္စများအလို့ငှါ၊ အကြောင်းအရာတခုခုကို ဖေါ်ပြရာ၌ သိလျက်နှင့်ဖြစ်စေ၊ အရမ်းမဲ့ဖြစ်စေ အရေးကြီးသောအချက်၌ မဟုတ်မမှန်သော အကြောင်းအရာတခုခုကို ဖေါ်ပြလျှင်သော်၎င်း၊

(ခ) လိမ်လည်ရန်အကြံအစည်နှင့်—

(၁) မိမိသည်၊ သို့တည်းမဟုတ် အခြားသူ တဦးတယောက်သည်၊ သက်သေခံကတ်ပြားတွင် ဖေါ်ပြ ထားသူဖြစ်သည်ဟု မဟုတ်မမှန်ဖေါ်ပြလျှင်သော်၎င်း၊

(၂) ဤအက်ဥပဒေနှင့်အညီ ပြုလုပ်သည့် နည်းဥပဒေများအရ၊ မိမိကိုယ်တိုင် ထိန်းသိမ်းထားရန် တာဝန်ရှိသော သက်သေခံကတ်ပြားကို အခြားသူ တဦးတယောက်အား လက်ရှိထားခွင့်ပြုလျှင်သော်၎င်း၊

---

[၁] ဤအက်ဥပဒေအရ နည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၁၂ တွင်ထုတ်ပြန်ကြေညာသည်။

(၃) သက်သေခံကပ်ပြားနှင့် အထင်မှားစေလောက်အောင် ဆင်တူရိုးမှား ပြုလုပ်ထားသော စာရွက်စာတမ်းတခုခုကို လက်ရှိထားလျှင်သော်၎င်း ထိုသူသည်ဤအက်ဥပဒေအရပြစ်မှုကျူးလွန်သည်။

(၂) မည်သူမဆို ဤအက်ဥပဒေအရ၊ နည်းလမ်းတကျဆင့်ဆိုသည့်အတိုင်း လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဤအက်ဥပဒေအရ၊ ပြုလုပ်သည့်နည်းဥပဒေ တခုခုကိုကျူးလွန်လျှင်၊ သို့တည်း မဟုတ် နည်းဥပဒေအတိုင်းလိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ ထိုသူသည်ဤအက်ဥပဒေအရ ပြစ်မှုကျူး လွန်သည်။

(၃) ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ၊နှစ်နှစ် ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက်မပို သော ငွေဒဏ် ဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်။

သို့သော် ရာဇဝတ်ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခြောက်လထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင် ရမည်။

၇။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မည်သူကိုမဆို၊ သို့တည်း မဟုတ်မည်သည့်လူအမျိုးအစားကိုမဆို၊ [ဤအက်ဥပဒေပါဖြင့်ဘာန်းချက်အားလုံးနှင့်ဖြစ်စေ၊တခုခုနှင့်ဖြစ် စေ၊] [*]သက်ဆိုင်ခြင်းမှသော်၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတခုခုနှင့်၊ သို့တည်း မဟုတ် နည်းဥပဒေအားလုံးနှင့် သက်ဆိုင်ခြင်းမှသော်၎င်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

## ဇယား။

မှတ်ပုံတင် စာရင်းတွင် ရေးသွင်းရမည့် အကြောင်းအရာများနှင့် စပ်လျဉ်းသည့်ကိစ္စများ—

၁။ အမည်။

၂။ ယောကျ်ား၊ သို့တည်းမဟုတ် မိန်းမ။

၃။ အသက်နှင့်မွေးဖွါးသည့်နေ့ရက်။

၄။ မွေးဖွါးရာတိုင်းပြည်။

၅။ နိုင်ငံသား။

၆။ အလုပ်အကိုင်၊ အရောင်းအဝယ်။

၇။ နေရပ်။

၈။ အိမ်ထောင်ရှိလျှင်၊ လင်၊ သို့တည်းမဟုတ် မယားအမည်။

၉။ ရေတပ်၊ အရံရေတပ်၊ ကုန်းတပ်၊ အရံကုန်းတပ်၊ သို့တည်းမဟုတ် လေတပ်၊ အရံလေတပ်တွင် တပ်သားတဦးဖြစ်ကြောင်း၊ သို့တည်းမဟုတ် နယ်ပယ်စောင့်စစ်တပ်၊သို့တည်းမဟုတ်အကူတပ်များတွင်တပ်သားတဦးဖြစ်ကြောင်း၊ သို့တည်းမဟုတ် မြို့ပြကာကွယ်ရေးအဖွဲ့များ၊ သို့တည်းမဟုတ်အရံအဖွဲ့များ တွင် အဖွဲ့ဝင်တဦးဖြစ်ကြောင်း။

---

[*] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၄၈ အရ အစားထည့်သွင်းသည်။